

# ပဂ္ဂမြှား ပိတ်

ဝတ္ထုတိုများ

သဝိုး

# လှပသော ဒဏ်ရာ



# လှပသော ဒဏ်ရာ

ဆေးခန်းပိတ်ချိန် ဆရာဝန်အိမ်အပြန်ကို အကြိုထောက်နေသည့်ကားက ဆေးခန်းရှေ့မှာရပ်ထားဆဲမို့ အဝေးမှပင် လှမ်းမြင်ရလျှင် စိတ်ပူပန်မှု အနည်းငယ် လျော့ပြေရလေသည်။

“ ကံကောင်းတယ် သမီးရေ.... ဆရာဝန်မ မပြန်သေးဘူးဟ။ ဆေးခန်းမပိတ်သေးဘူး”

သမီးကို အားပေးရင်း ဆိုက္ကားကို အားကုန်ကျုံးနင်းပစ်လိုက်သည်။ ဆေးခန်းမျက်နှာစာရှိ ခေါက်တံခါးတစ်ချို့က ပိတ်လက်စဖြစ်နေပြီ။ လူနာစောင့်ထိုင်ခုံတန်းလျားမှာပင် စောင့်ဆိုင်းလက်စ လူနာ တစ်ယောက်တလေမျှမကျန်တော့ပြီ။ ဆရာဝန်မပစ္စည်းပစ္စယတွေ သိမ်းဆည်းပြီးပြီလား။ တအောင့်ခဏ တော့အချိန်ပေးကာ သမီးကိုကြည့်ပေးဖို့တောင်းပန်ရမည်ပင်။ သမီးကြီးဖျားနေတာသုံးရက်ရှိပြီ။ သမီးကြီးက ပင်ကိုယ်နှုတ်နည်းလွန်းလှသည်သာမက အားငယ်ပူပန်တတ်လွန်းသူလည်းဖြစ်သည်။ မိဘကိုသိတတ်ငဲ့ညှာသူလည်း ဖြစ်သေးသည်မို့ တော်တန်ရုံ နာဖျားမကျန်းကိစ္စကို ဘယ်တော့မှ ဖွင့်ဟမပြော။ ခပ်နုံးနုံးနွမ်းလျှပန်နှင့် နီမြန်းမျက်နှာပျက်နေတတ်သည်ကို အမေကရိပ်မိကာမေးစမ်းလာလျှင်တောင် မပွင့်တပွင့်သာဝန်ခံတတ်သူဖြစ်သည်။ မိဘက နဖူးအလေးစမ်းကာယုယဟန်ပြလျှင် မျက်ရည်ကလည်ချင်ပြန်သည်။ တစ်ခါတစ်ရံ တိတ်တိတ်ကလေးကြိတ်ကာ ကွယ်ရာမှာ မျက်ရည်ကျ တတ်သေးသူဖြစ်သည်။

“နင်ကလည်း လူကသာ တဲကုတ်ထဲနေပြီး စိတ်ကတော့ မင်းသမီး ...”

ပြောပေမယ့် သမီးကြီးဖျားနာလျှင် အငယ်တွေထက်ပိုလို့ စိတ်ရှုပ်ဗျာများရပါသည်။ စိတ်ဆာတ် ပျော့ပြောင်းရပါမည်လားဟု စိတ်မရှည်၊

ဆူပူချင်သော်လည်း သင်းကလေး နာလန်ထရက် နောက်ကျ နေးကွေးနေလျှင်တော့ ပူပန်ရသည်။ ကျောင်းစာမှာ စိတ်ဝင်တစားကြိုးစားပြီး ထူးချွန်လှတဲ့သမီးက ကျောင်းပျက်ရက်များလာလျှင် စာခြောက်ကာ တငိုငို တရယ်ရယ် ပြုတတ်ပြန်သေးသည်။

“ ဆရာဝန် မပြန်သေးဘူး မဟုတ်လား”

သူတို့၏ ဆိုက္ကားကို ကြိုတင်မြင်တွေ့ကာစောင့်ကြည့်နေပုံရသောမျက်နှာနုနု၊ မျက်ဝန်းကြည်ကြည်လေးတစ်စုံက ကားပြတင်းမှ ထွက်ပြူကာ အကဲခတ်နေတာ သိသာလှစွာ။

“ရှိပါတယ်။ အထဲမှာ”

ယဉ်ကျေးဖွယ်ရာ တုံ့ပြန်စကားကြောင့် ဖျက်ခနဲ အမှတ်မဲ့ကြည့်မိစဉ် မျက်ဝန်းကြည်ကြည်လေး ရုတ်တရက် ပုံစံပြောင်းကာ မှုန်တည်တည်။ ပြီး…လွင့်ခနဲ မျက်စောင်းတစ်ချက် ပစ်လွှတ်လိုက်ပြန်ကာ မျက်နှာတစ်ဖက် လွှဲသွားတော့လေသည်။ ဇဝေဇဝါနှင့် အံ့အားသင့်သွားရသော်လည်း တုံ့ပြန်စူးစမ်းမပြု အားသေး။ စောင်ခေါင်းမြီးခြုံအောက်မှာ တဟီးဟီးတီးတိုးညည်းတွားလျက် အဖျားတက်နေဆဲသမီးကြီးကို သူ့အမေတစ်ယောက်တည်း တွဲကူဖို့ မနိုင်နင်းသည်မို့ သူပဲ ပွေ့ယူချီမ လိုက်ရပါသည်။

“ဒေါက်တာ့ကို အားနာလိုက်တာဗျာ။ သမီးရယ် ဖျားနေတာ သုံးရက်ရှိပြီ။ အဲဒါ… အဖျားမကျလို့”

ပါရာစီတမောလ်ဖြစ်ဖြစ်၊ ဒီကိုဂျင်ဖြစ်ဖြစ် လက်သင့်ရာဆေးတစ်လုံးကို ရေနွေးပူပူနှင့် သောက်စေ ကာ စောင်ခြုံအိပ်ပျော်စေပြီး ချွေးထုတ်ပေးသည့် သူတို့ရပ်ကွက်၏ ကုထုံးဓလေ့ကို ဆရာဝန်မလည်း အကျွမ်းတဝင်ဖြစ်နေပုံ။

အဖျားမကျသောကြောင့် သုံးရက်မြောက်နေ့မှ ဆေးခန်းရောက်လာရသည့် အတွက် ထူးခြားစွာ ခံစားပြစ်တင်ခြင်း မပြုပါ။

"ဖြစ်ဖြစ်ချင်းလာပြဖို့ပါပဲ ဒေါက်တာရယ်။ တစ်ရက်...တစ်ရက်နဲ့ ..."

ပြောလျက်မှနှုတ်စကားတွေ တစ်ဆို့ပျောက်ဆုံးကုန်ပြန်သည်။ အဖျားသွေးတိုင်းညှပ်ဖန်ပြွန်ချောင်း လေးကို သမီး၏ ချိုင်းကြားသို့ ထိုးညှပ်ပေးရင်း ဆရာဝန်မက နားလည်စွာ ခေါင်းတစ်ချက် ညိတ်ဆက်ပြ လေသည်။ မျက်နှာတစ်ချက်မပျက်၊ စိတ်ငြိုငြင်ဟန် နည်းနည်းမျှမပြဘဲ ကြည်ကြည်လင်လင်ကြိုဆိုကာ သမီးအား အရေးတယူ စမ်းသပ်ပေးနေသော ဆရာဝန်မကို အားနာကျေးဇူးတင်လှစွာ...။

"ခုလည်း အလုပ်သိမ်းပြီးပြီးချင်း ကမန်းကတန်း ပြေးလာခဲ့တာ။ ဒေါက်တာဆေးခန်းပိတ်နေပြီလား လို့ တထင့်ထင့်နဲ့"သွေးပေါင်ချိန်တိုင်းကိရိယာမှ လေဘောလုံးလေးကို ဆုတ်ညှစ်နေရင်း..

"ဘာ အလုပ် လုပ်လဲ"

"ဆိုက်ကား နင်းပါတယ်"

သူ့ဇနီးက ဝင်ဖြေပေးသည်။ ထိုစဉ် လူနာကြည့်သည့် အခန်းဝမှ ခန်းစီးစလေး လှုပ်ခါသွားလျှင်။

"ဟန်နီ အခန်းထဲ ဝင်မလာနဲ့လေ။ မာမီပြီးရင် လာခဲ့မယ်။ ကားထဲကပဲစောင့်နေနော်"

ကားထဲမှာ တွေ့ခဲ့သော မျက်နှာနုနု သူငယ်မကလေးက သူ့မာမီ၏ စကားကို အပြုံးတစ်ပွင့်ဖြင့် လှစ်ခနဲခြေဖျက်ပစ်ကာ လူနာကုတင်နားအထိ ထော့နဲ့နဲ့ကလေး တိုးရွေ့လာခဲ့တော့သည်။ချိုရှင် မြူးထူးသော ချစ်စဖွယ်ဟန်ပန်ကလေးသည် သူ့တစ်ယောက်တည်း အပေါ်တွင်တော့ ဝဲခနဲ

စိမ်းတောက် ကျွတ်ဆက်သွားတော့ပြန်။

“ကျူရှင်တက်ရင်း ဒဏ်ရာရလာတယ်လေ။ ခါတိုင်း အိမ်ကကားနဲ့ ကြိုပို့နေကျကို ဒီနေ့မှ သူငယ်ချင်းတွေနဲ့အတူသွားချင်တာတဲ့။ တစ်နေ့တလေ ပေးလွှတ်လိုက်တာ...။ လမ်းပေါ်ရပ်နေတုန်း ဆိုက္ကားက ခြေဖမိုးပေါ် ဖြတ်ကြိတ်သွားလို့တဲ့။ တော်သေးတာပေါ့.. ဆိုက္ကားမို့လို့”

ကလေးမ၏ ခြေဖမိုးပေါ်မှ ပတ်တီးဖွေးဖွေးကို မဝံ့တဝံ့ ခိုးကြည့်ရင်း အသိစိတ်မှာ နံနက်ခင်းက အဖြစ်ကို ဒိန်းခနဲ ပြန်လည်အမှတ်ရသွားမိဆဲ...

“ဆိုက္ကားဆရာတွေကလည်း စူပါမင်းတွေပဲ ဆရာမရဲ့။ အိမ်ကယောက်ျားလည်း အတူတူပဲ။ အတင်းတရကြမ်း တွန်းနင်းကြတာ”

မိန်းမက မသိနိုးနားနှင့် ဝင်ပါဖြည့်စွက်ပေးနေပြန်သည်မို့ တင်းခနဲဖြစ်ရပြန်သည်။ ဒါပေမဲ့ သူပြောတာ အမှန်တွေဆိုတော့ နာသာခံခက်ပေ။ သူ့အကြောင်းသိနေသော ခရီးသည်တချို့က သူ့ဆိုက္ကားကို ရှောင်ဖယ်ချင်တတ်ကြသည် မဟုတ်လား။ မရှောင်သာ၊ မရှောင်ရက်လို့ ဆိုက္ကားပေါ် ထိုင်မိကြလျှင်တောင်...

“ငါတို့ အလျှင်မလိုဘူးနော် ဖြည်းဖြည်းနင်း”

“ခင်ဗျားတို့ မလိုပေမယ့် ကျုပ်က ကျောင်းကြိုပေးဖို့ ရှိသေးတယ်”

သူက မခိုးမခန့် ရယ်စစမျက်နှာပေးဖြင့် အရှိန်မလျှော့ချင်။

“သမီးအမြန်ဆုံး ပြန်နေကောင်းအောင် ဆေးထိုးပေးလိုက်မယ်နော်”

ဆေးထိုးအပ်ဖြင့် ပုလင်းငယ်မှာ ဆေးရည်များကို စုတ်ယူနေစဉ်

“ဟိုတစ်ဘက် ဆိုက္ကားဆရာကလည်း ကလေးကို ဘယ်နားနားသလဲ။ ထိမိ၊ ခိုက်မိသလား... ဘာညာ မမေးမမြန်းနဲ့ ကလေးကိုတောင် ပြစ်တင်ငေါက်ငမ်းသွားသေးတာတဲ့။ သူ့ဒက်ဒီရော... ကျွန်မရော စိတ်တွေတိုလို့။

ကျိုးပဲ့မသွားတာ ကျေးဇူးတင်ရဦးမယ်”

ဆေးထိုးအပ်မြင်သည်နှင့် ငိုမဲ့မဲ့ဖြစ်လာသော သမီးကို သူ့အမေက ချော့နေသည်။

“မြန်မြန်နေကောင်းအောင်လို့ပါ။ သမီးမနာအောင် ထိုးပေးပါ့မယ်နော်။ ခဏလေး”

ဆရာမကြီးကပါ ဝင်ချော့နေပေမယ့် ဆေးထိုးကြောက်သော သမီးက ခုတင်ပေါ် လှောင်းနေလျက် ကနေ မျက်ရည်တလည်လည်နှင့် သူ့အမေကို လှမ်းဖက်တွယ်ထားသည်။

“သမီး ညည်းကလေးပေါက်စန မဟုတ်ဘူးနော်”

ရှစ်တန်းကျောင်းသူမဖြစ်သော သမီးသည် အဖေလေသံတင်းလျှင်တော့ ရှုံ့ရှိန်ကြောက်လန့်တတ် ပြန်သည်။ သမီးတို့နှင့် သက်တူရွယ်တူလောက်ရှိမည့် ဟိုကလေးမတွေလည်း သူ … သဟောက်သဟန်း ပြုခဲ့တော့ ရုတ်တရက်ကြောက်လန့်ကျန်ရစ်ကာ စကားတစ်ခွန်းတစ်စတောင် မတုံ့ပြန်နိုင်ခဲ့ကြဘူး မဟုတ်လား။ အဲဒီ ကလေးမတွေ အုပ်စုထဲက ကာယကံရှင်ကောင်မလေးက သူ့ရှေ့မှောက်မှာ ရောက်ရှိ နေတဲ့ကလေးမတဲ့လား။ ဆရာဝန်မရဲ့သမီးလေး။

တကယ်ကလွတ်မည်အထင်နှင့် ဆိုက္ကားကို ကပ်အကွေ့မှာ သူမ၏ ခြေဖမိုးကလေးကို အမှတ်မဲ့ ဖြတ်ကြိတ်မိသွားခဲ့တာဖြစ်သည်။ အိမ်ကသမီးကိုဆေးခန်းပြဖို့တောင် တစ်ရက်ကနှစ်ရက်ရွှေ့လာခဲ့ရတာ မို့ စိတ်ညစ်စိတ်ရှုပ်နေရသည့်ကြားမှာစကားတွေရှည်နေ၊ ရှုပ်မနေချင်တော့သည်မို့ကလေးမကိုသေချာတောင် မကြည့်ခဲ့။

“ညည်းတို့ကရော လမ်းဘေးကပ်မရပ်ဘဲ ဘာလို့ လမ်းမလယ် ထွက်ရပ်နေကြတာလဲ”

နှုတ်တွေ့သလို ခပ်ငေါက်ငေါက် တစ်ချက်အော်ပစ်ခဲ့လိုက်ကာ နောက်ကြောင်းမျှ လှည့်မကြည့်ခဲ့ တော့ပြီ။

"မြို့ပေါ်မှာလည်း ဆိုင်ကယ် ကယ်ရီတွေ ပိုများလာသလိုပဲနော်။ ဆိုက္ကားနင်းရတာ အဆင်ပြေရဲ့လား"

ဆရာဝန်မ၏ အမှတ်မဲ့စကားက မိန်းမကို ငိုချင်လျက် လက်တို့ပေးလေသည်။

"ဒီလိုပါပဲဆရာမရေ...။ မရတမော့၊ ရတမော့ဆိုသလိုပါပဲ။ ဟိုနား၊ဒီနား ဆိုင်ကယ်လေးနဲ့သွားရတာ ပိုမြန်မြန်လည်းရောက်၊ ကြော့ကြော့ကလေးလိုက်ရတာ မဟုတ်လား။ မနိုင်ရင်ကာ ကုန်တွေ၊ ဝန်စည်စလယ်တွေပါမှပဲ ဆိုက္ကားငှားကြတော့တယ်လေ...။ အိမ်ကဆိုက္ကားလည်း ကိုယ်ပိုင်မို့သာပဲ။ အံ့နာခမပေးရ လို့ မငတ်သေးပေမယ့် မပြင်ဆင်နိုင်တာကြာတော့ ဂျုံးဂျုံးကျနေပြီလေ။ သမီးနေမကောင်းတာတောင် ဒီနေ့မှ ဆေးခန်းရောက်လာတာ ကြည့်တော့..."

ပြောလျက်က လက်ထဲခပ်ကျစ်ကျစ်ဆုတ်ထားသော ငွေစက္ကူလိပ်ကလေးကို ဖြန့်ဖြည်နေပြန်ရင်း..

"ဆရာမ... မရှိမသေ၊ ကျွန်မတို့ ဘယ်လောက်"

"မာမီ"

သူ... ထိတ်ခနဲ ဖြစ်သွားသည်။ ကလေးမက သူ့မာမီအနားသို့ လှစ်ခနဲပြေးကပ်လိုက်လေကာ သူတို့မိသားစုထံ အကြည့်တစ်ချက်ဝေ့လိုက်လျက်...

"မာမီ ... ဆေးဖိုးမယူပါနဲ့နော်။ သူက ဟန်နီတို့ကျောင်းကပဲ။ တန်းခွဲချင်းမတူပေမယ့် စာအရမ်းတော်တော့ ဟန်နီက သူ့ကိုအားကျပြီး သိနေတာပေါ့။ သူကတော့ ဟန်နီ့ကို သိမှာ မဟုတ်ပါဘူး။ ဟုတ်တယ် မဟုတ်လား"

ခုတင်ပေါ်မှာ သူ့မိခင်ရဲ့ရင်ခွင်ထဲ မှေးမှိုထားဆဲ သမီးအား ရွှန်းလဲ့စွာ စိုက်ကြည့်လျက် လှမ်းပြုံးပြ လေလျှင် သမီးကလည်း ခပ်နွမ်းနွမ်း တုံ့ပြန်ပြုံးပြဖော်ရလေသည်။`

"သိပါတယ် နင်ကလည်း စာတော်တာပဲကို…"

သမီး၏ စကားသံခပ်တိုးတိုးလေးကြောင့် သူမ၏ မျက်နှာကလေးလည်း ကျေနပ်ဟန်ဖြင့်ပြုံးလဲ့ချို့ရွှင် နေလေသည်။ လက်လှမ်းဟန်ပြင်နေဆဲ ဆရာဝန်မက သူ့မိန်းမလက်ထဲမှ ငွေစက္ကူတွေကို ခပ်ပြုံးပြုံး ပြန်တွန်းလိုက်ကာ

"ဟန်နီက အဲဒီ လိုပဲ …"

ဂုဏ်ယူကျေနပ်နေဟန် အထင်းသား။ မိန်းမ၏ ကျေးဇူးတင်စကား တဖွဖွကို မကြားတစ်ချက် ကြားတစ်ချက်မှ မျက်ဝန်းတွင် စိမ့်အိုင်လာသော မျက်ရည်တို့ကို မျက်တောင်တဖျက်ဖျက် ခပ်ထုတ်ရင်း မနိုင်မနင်းရှိနေဆဲ…။

"ဦးလေးက သူ့အဖေကိုး။ ဟန်နီက ပါစင်ဂျာ လိုက်ပို့ပေးတယ် ထင်နေတာ…" ပွင့်လင်းစွာ ဆိုနေပြန်ရင်း…

"ဟန်နီ့သူငယ်ချင်း ကျောင်းပျက်ရက်တွေ များလှပြီ။ မြန်မြန်နေကောင်းအောင် ဂရုစိုက် လိုက်ပါဦးနော်။ နောက်နေ့လည်း မာမီ့ဆီ ထပ်လာပြပါဦး"

အိမ်အပြန်ခရီးမှာတော့ မသိနိုးနားမိန်းမက မျက်စောင်းတချီချီ၊ တဖျစ်တောက်တောက်…။

"ရှင့်သမီး နားချင်နေပြီရှင့်။ ဆိုက္ကားကို ဘယ်လိုနင်းနေတာလဲ။ တုန့်နှေးနှေးနဲ့… တကတည်း"

**လရောင်လမ်းချိုး မဂ္ဂဇင်း**

**မတ်လ၊ ၂၀၁၅**

*

# သုဦးရှာကလေး



# သုဦးရွာကလေး

ဘိုးဘိုးကြီး၏ စျာပနပွဲသည် ထင်မှတ်ထားသည်ထက်ပင် ခြောက်ကပ် တိတ်ဆိတ်လှတော့သည် ဟု ဘိုးဘိုးကြီး၏ သမီးအကြီးဆုံးဖြစ်သော ကြီးကြီးညွန့်က မချိတင်ကဲ မျက်ရည်ကျရှာသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်၊ ကြက်ပျံမကျ စည်ကားလှသည်ဟု ပြောစမှတ်တွင်ခဲ့သော ဘွားဘွားကြီး၏ အသုဘအခမ်းအနားနှင့် လားလားမျှမဆိုင်။ ရဟန်းဒါယကာ၊ ကျောင်းဒါယကာကြီးမို့သာ ထီးဖြူယှက်မိုးသင်္ဂြိုလ်ခွင့်ရသည်ဆိုရုံ။ ဘွားဘွားကြီး၏ အုတ်ဂူနံဘေးမှာ အရွယ်တူ၊ ပုံစံတူအုတ်ဂူလေးဖြင့် လျောင်းစက်ရရုံဖြင့် ကျေနပ်ဖြေသာရတော့မည်ဟု ဘိုးဘိုးကြီး၏ သားဦးလေးတစ်ယောက်က သူ့ကိုလိုလို၊ ကိုယ်ကိုယ်တိုင်ပဲ နှစ်သိမ့်သလို ဆိုပြန်သည်။

ဘွားဘွားကြီးတုန်းကတော့ သက်တမ်းကုန်လို့ ကြွေလွင့်သေလွန်ခဲ့ရသည်ကိုပင် ယူကျုံးမရ ပူဆွေးဂမ်းနည်းမဆုံး၊ ရင်ဘတ်စည်တီး ငိုကြွေးမြည်တမ်းကြသူတွေလည်း များမှများလှပေ။ သားနှင့်သမီး ငါးယောက်၊ အိမ်ထောင်ဖက်ငါးဦးနှင့် စုံဖက်ထားသောမြေးမြစ်များက တစ်ဖြာမက၊ ဘိုးဘိုးကြီးတို့က ရွာမှာလယ်မြေဧကများစွာ ပိုင်ဆိုင်ထားသည်မို့ ကြည့်ရှုစောင့်ရှောက်ထားရသူ အလုပ်သမားမိသားစုလည်းများလှသည်။ ဘိုးဘိုးကြီးတို့၏ ငွေကြေးအထောက်အပံ့နှင့်လည်းတစ်ရွာလုံးနီးပါးမကင်းရာ၊ မကင်းကြောင်းချည်းသာမို့ ရွာမှာ ဩဇာအသင့်အတင့် ရှိကြသည်။ တစ်ရွာလုံးက ဘွားဘွားကြီး၏ ရုပ်ကလာပ်ကို သာမန် အသုဘအဖြစ် ပြီးစလွယ် မပျောက်ကွယ်သွားကြစေလို၊ ရဟန်းမယ်တော်ကြီးမို့ 'မယ်တော်ပြန်' ဟု အထူးပြုကာ စျာပနအခမ်းအနားကို ကိုးရက်ကိုးညတိုင်တိုင် ပွဲချီးကျင်းပခဲ့ကြတာဖြစ်သည်။

ဘိုးဘိုးကြီး၏ အလှည့်မှာတော့ ငိုကြွေးမြည်တမ်းသံ ကြားရသော်လည်း မမြိုင်ဆိုင်လှဘူးဟု လက်ရှိသားသမီး၊ မြေးမြစ်အားလုံးက စိတ်မှာအားမရချင်။ ဘွားဘွားကြီးတုန်းကလို အလောင်းကို ရေချိုးသန့်စင်၊ ခုံတင်၊ သေတ္တာထည့်ကြရာမှာ အလုအယက်၊ အုန်းတသဲသဲလည်းမရှိကြပြီ။ ဟိုလူ့သွားခေါ်ပါဦး၊ ဒီလူ့စောင့်ပါဦး တစ်ယောက်တစ်ပေါက်ဆိုကြရင်း အနားမှာရှိနိုင်သလောက်သော လူနှင့်ပင် မြေကျရတော့ မည့်အဖြစ်ပေ။

ဘွားဘွားကြီး၏ မယ်တော်ပျံအခမ်းအနားအတွက် ဟည်းထနေအောင် ထည်ဝါပြိုးပြက်သော မဏ္ဍပ်ကြီးကို နေ့ချင်းပြီး ဆောက်ခဲ့ကြသည်ဟုပြောလျှင် ခုခါ …ယုံချင်စရာပင်မရှိပြီ။ မယ်တော်ပျံတုန်းက ထမင်းကျွေးရုံတစ်ခြမ်းစာမျှသာရှိမည့် ဘိုးဘိုးကြီး၏ ဧည့်ခံကန္နားဖျင်းကလေးကိုပင် သစ်ဝါးရှာတော့လည်း သည်လူတွေ၊ တိုင်ထူ၊ တာပေါ်လင်အမိုးတင်၊ နှီးစချည်နှောင်တော့လည်း သည်မျက်နှာတွေ၊ အိုးခွက်၊ ပန်းကန်ခွက်ယောက် ငှားပါဦးဆိုတော့လည်း သည်လူတစ်စုသာပေ။ ချက်ရေးပြုတ်ရေးသာမက ထမင်း ကျွေးလည်းသည်လူတွေပဲပါရပေဦးမည်။ ဘုန်းကြီးပင့်လည်း သူတို့နှင့်လွတ်မည်မထင်။ မြေကျလျှင်လည်း သူတို့နှင့်သာ ပြီးရဦးမည်ပဲ။

ဘွားဘွားကြီး၏ မယ်တော်ပျံမှာ ဧည့်ခံဆိုင်းငှားရန်၊ ယေင်ကျူးမင်းသမီးထည့်ရန် တစ်ယောက် တစ်ပေါက် အကြံဉာဏ်ပေးနေကြတာသည်ပင် ပတ်တုတ်လို့မရခဲ့။ ရွာဦးကျောင်းဆရာတော်ပင် မနေသာဘဲ ဝင်ပါလေမှ စကားနည်းရန်စဲ၊ ဆုံးဖြတ်ချက်ချနိုင်ခဲ့တော့တာ ဖြစ်သည်။ ဒါတောင် မော်ကျွန်း ဧည့်ခံဆိုင်းကို မြို့အထိ စက်လှေဖြင့် အကြို၊ အပို့လိုက်ချင်သူတွေ စကားနိုင်လုကြသေးသည်။ ယေင်ကျူး မင်းသမီးကို မိမိအိမ်မှာ တည်းခိုစေချင်သူတွေလည်း မရှားလှ။ ဆိုင်းအဖွဲ့လိုက်ပါလာသော စက်လှေကြီး ရွာကမ်းနဖူးသို့ ဆိုက်ရောက်လျှင် ရွာရှိလူကုန်နီးပါး၊ ပျိုပျိုအိုအို၊ ကျားမ မဟူ ဆင်းကြိုကြသည်မှာ ကမ်းလုံး ညွတ်တော့သည်။ လုလင်ပျိုများက

ဆိုင်းသေတ္တာတွေကို အလုအယက် ထမ်းတင်ကြသည်မို့ ပြုံက်ခနဲ၊ စက်လှေအခွံချည်း ဖြစ်သွားရတော့သည်။

"သူ့အဖေရှိရင် ဒီလိုပွဲမျိုး ရှေ့ဆုံးကရောက်လာမှာ။ သာမှုနာမှု တစ်ရွာလုံးကိစ္စ၊ သူ့ကိစ္စလိုပဲ"

ဦးလေးငယ်၏ ဇနီးကအဝေးရောက်ခင်ပွန်းသည်ကို တမ်းတမျက်ရည်ကျပြန်သည်။ ဦးလေးငယ်၏ ဇနီးမှ မဟုတ်ပါ။ ရွာမှ သာမှုနာမှုကိစ္စပေါ်တိုင်း ကိုယ့်ဆွေကိုယ်မျိုး အရင်းအချာတွေဆီပြေးပြေးလွှားလွှား ဖုန်းဆက်အကြောင်းကြားကြ၊ ဟိုတစ်ဘက်သားတွေက ပြန်လာချင်တယ်၊ လာနိုင်ဖို့ ကြိုးစားကြည့်ဦးမယ် မယုတ်မလွန် စကားပြန်လာကြ၊ ကျန်ရစ်သူများခမျာ တမျှော်မျှော်နှင့် ပွဲလမ်းအမှုကိစ္စကြီးသာ ပြီးမြောက်သွားခဲ့သော်လည်း ရွာကို တစ်ခေါက်တကျေး ပြန်ရောက်လာနိုင်သူက ရှာမှ ရှားလှတော့သည်။

ဘွားဘွားကြီးတုန်းကဘွားဘွားကြီး၏ မြေး၊ ကျွန်တော်တို့မောင်နှမတွေမှာလူကြီးတွေငိုတော့လည်း ငိုလိုက်ကြ၊ ပြီးလျှင် တရုန်းရုန်းနှင့် ဆူညံပွတ်လောရိုက်ကာ ပျော်ရွှင်နေကြပြန်တာ ဖြစ်သည်။ စပ်ပန်းချီ လက်ရာ စုလစ်မွန်းချွန်တွေနှင့် ပြိုးပြက်ကာ နေရောင်မှာ တလက်လက်ဖြာနေသော ဘွားဘွားကြီး၏ အလောင်းစင်ကို မီးပွင့်ရောင်စုံတွေနှင့် အလှဆင်မွမ်းမံကြ၊ ကိုယ်ကိုယ်ကိုလည်း ပွဲလမ်းသဘင်နွဲရတော့ မှာလို ပြင်ဆင်ခြယ်သကြနှင့် အနားမျှ မရနိုင်။ အဘိုးအဘွားသေရင် မြေးတွေပျော်ကြတယ်ဆိုတာ ဟုတ်မှာပဲ။

"ကျွန်မတို့တောင် ရွာပြန်မရောက်နိုင်တာ ဘယ်လောက်ကြပြီလဲ။ လာမယ်၊ လာမယ်... ချိန်နေရင်း ဟော... အခု မဖြစ်မနေ အရေးကိစ္စရှိမှ ရောက်နိုင်တော့တာလေ။ တစ်ပြည်ရပ်ခြားက လူတွေတော့ ပြောမနေနဲ့တော့ ကိုယ်ချင်းစာပါတယ်"

မေမေက မျက်ရည်မစင့်တစင် မို့အစ်နီရဲ မျက်ဝန်းတွေနှင့်

ဆွေးဆွေးလျှလျှဆိုသည်။ အမှန်ပဲ။ မေမေတောင် ဘိုးဘိုးကြီး၏ ဈာပန၊ ဖခင်အရင်း၏ ကိစ္စမို့သာ ရွာကို ပြန်ရောက်နိုင်ခဲ့တာပင်။ ဖေဖေပင် ချက်ချင်းလိုက်မလာနိုင်ခဲ့။ ကျွန်တော်လည်း သင်တန်းတက်လက်စ၊ အလုပ်လက်စတွေကို ဖွတ်ပင် အာရုံ ဖြတ်ကာ ပြန်မရောက်ဖြစ်တာ ကြာပြီဖြစ်သော ရွာကို စွန့်စွန့်စားစား လိုက်ပါလာ ဖြစ်ခဲ့တာဖြစ်သည်။

"ကိုမိုးကတော့ ပညာတွေတတ်တော့ မိဘနဲ့ ရင်အုပ်မကွာ နေနိုင်တာပေ့ါ။ မမလှိုင် သိပ်ကံကောင်း တာပဲ။ မင်းအစ်ကိုတွေ၊ ညီတွေကတော့ ပညာလေး မတောက်တခေါက်၊ မစို့မပို့ ရေကြည်ရာ၊ မြက်နုရာ.. ရှာလိုက်ကြတာ၊ ခုနေ တို့သေရင်တောင် သင်္ဂြိုလ်မိမှာမဟုတ်ပါဘူး"

အငိုသန်လွန်းသူဟု နာမည်ရသောဒေါ်လေးမြိုင်က မေမေနှင့်အထက်အောက် ညီမငယ်ဖြစ်သည်။ ဒေါ်လေးမြိုင်၏ သားနှစ်ယောက်က ကျွန်တော်နှင့် မတိမ်းမယိမ်းမို့ ငယ်ငယ်ကတော့ ရွာမှာ ကျောင်းသွား ဖော်၊ ကစားဖော်တွေဖြစ်သည်။ နိုင်ငံခြားထွက်ကာ အလုပ်လုပ်ကြမည်ဟု ဆုံးဖြတ်စီစဉ်ခဲ့ကြစဉ်ကလည်း မြို့ပေါ်ရှိ ကျွန်တော်တို့အိမ်ဆီ အဝင်အထွက်ခပ်စိပ်စိပ် ရှိခဲ့ဖူးကြတာပင်။

"ကိုယ့်ရွာမှာပဲ မိရိုးဖလာ လုပ်ကိုင်စားကြရောပေ့ါ သားလေးတို့ရယ်။ အဖေတို့အမေတို့လည်း အသက်တွေရလာကြပြီ မဟုတ်လား။ မမာရေး၊ မကျန်းရေး ရှိလာရင်တောင် ပြန်တွေ့လာဖို့ မလွယ်ဘူး"

မေမေကတော့ တစ်ဦးတည်းသော သားတစ်ယောက်တည်းသာမို့ ကျွန်တော့်ကိုဝေးဝေးမလွှတ်နိုင် ဟု ဖက်တွယ်ထားဆဲပင်။

"သားတို့လည်း အတတ်နိုင်ဆုံး ကိုယ့်ရွာမှာပဲ ဓားမဦးချနေသွားဖို့ ကြိုးစားကြည့်တာပဲ ကြီးကြီး လှိုင်ရယ်။ ဒါပေမဲ့... ရွာမှာ ဘယ်လိုမှ အဆင်မပြေတော့ဘူးဗျ။ မိုးလေတွေမမှန်လို့ လယ်လုပ်ငန်းတွေ မကောင်းတော့တာ

ကြာပြီ။ လယ်ထဲက မရရင်တောင် မြစ်ထဲက ငါးက မှန်မှန်လေးတိုးနေရင် အကြောင်း မဟုတ်သေးဘူး။ မြစ်ထဲက ရတာ လေးနဲ့ လယ်ထဲကိုဖြည့်နိုင်တာပေါ့။ ခုတော့ တစ်နှစ်ပြေလည်နိုးနဲ့ အကြွေးချင်းထပ်ပြီး အတိုးငွေက လည်ပင်းနစ်လာပြီ”

ဒေါ်လေးမြိုင်က သူ့သားတွေ အလွန်အလုပ်ကြိုးစားကြောင်းကို အမြဲ ချီးမွမ်းနေခဲ့ဖူးတာပင်။ လယ်ထဲလည်း လယ်ထဲအလုပ်မို့ နေကုန်နေခမ်း မမောပန်းတတ်ကြသူတွေတဲ့။ မြစ်ထဲလည်း တစ်ယောက်လှျင် လှေတစ်စင်း၊ ငါးသလောက်ပိုက် တစ်ဖောင်စီနှင့် စုန်ဆန်မပျက်ကြ။

“ကြိုးစားသလောက် အရာမထင်တော့လည်း သူတို့ စိတ်ပျက်ပြီး ဒီအလုပ်တွေကို အီလာ၊ တောက်လာတာပေါ့”

အခုတော့ ဒေါ်လေးမြိုင်က

“သူတို့ ဟိုက လှမ်းပို့ပေးတဲ့ငွေလေးတွေနဲ့ လယ်စရိတ်ထည့်နိုင်တော့ အကြွေးလေးတွေလည်း တဖြည်းဖြည်း ချောလာပါပြီ”

အကြွေးတွေ ကျေရင်တော့ ငါ့သားတွေ ငါပြန်ခေါ်မယ် ပြောကာ မျက်ရည်တာကျိုးပြန်သည်။

“ရွာမှ သိဟောင်း၊ ကျွမ်းဟောင်း သူငယ်ချင်းတွေလည်း အတော့်ကို ရှားပါးနေခဲ့ပြီပဲ။ တချို့က မလေးမှာ... တချို့ကလည်း ထိုင်းဘက်ရောက်နေတယ်” ဟုသံတူကြောင်းကွဲတွေချည်းသာ။ သူငယ်ချင်းမ တစ်ယောက်ကတော့ နင်ရောက်တုန်း နင့်သူငယ်ချင်းအကြောင်းတိုင်ရဦးမယ် အစချီကာ မျက်ရည် တလည်လည် ဖြစ်နေပြန်သည်။

“လက်ထပ်ပြီး တစ်နှစ်ကျော်ပဲ နေတယ်။ တစ်ရွာလုံးအလျှိုအလျှို ထွက်ကြတော့ သူပါလိုက်ထွက်၊ အလုပ်လုပ်မယ်ဖြစ်ရော။ ဟိုကိုရောက်စ တစ်နှစ်လောက်ပဲ ငွေပို့ဖော်ရတယ်။ သေသလား၊ ရှင်သလား မသိရအောင် ဖုန်းလည်းမဆက်၊ လူကြုံလည်းမမှာ နေနေတာ သုံးနှစ်ကျော်။ သူ ဟိုမှာ

ထောင်များကျနေ မလား။ သူများသတ်လို့ သေသွားပလားပူလိုက်ရတာ ။ ငါ့မှာမိန်းမသားတန်မဲ့ သူ့အကြွေးလက်ကျန်တွေကို တော်တော်ဆပ်လိုက်ရတယ်လေ။ ငါ့သောက၊ ဒုက္ခတွေ အနည်ကျမှ သင်းက ပြန်လာတော့လည်း လက်ထဲ တစ်ပြားတစ်ချပ်တောင် ပါမလာဘဲနဲ့။ နင်ပဲ စဉ်းစားကြည့်တော့။ ငါတကယ် စိတ်နာတယ်။ မပေါင်းတော့ဘူးလို့ အပြတ်ပြောလိုက်တယ်”

ထိုင်းနိုင်ငံကို ထွက်ဖို့တောင် ကုန်ကျစရိတ်က သိန်းဆယ်ဂဏန်းမျှ မပြည့်သော်လည်း ကိုယ့်မှာ ငွေမရှိလို့ အတိုးနှင့် ယူရလျှင် အတိုးငွေကို ပြန်ဆပ်ရတာ နှင့်တင် လျှာပေါ် မြက်ပေါက်နှင့်တော့မည်။

“သင်းကျေးဇူးပဲ ပြောပါတော့။ ငါ့မှာ ရွာထဲလည်း ကြာလေ မျက်နှာမပြရဲလေ ဖြစ်လာတော့ သူ့နောက်လိုက်မယ်ဆိုပြီး ရန်ကုန်တက်သွားတာ။ ဟိုမှာ အေးဂျင့်နဲ့ပြောဆိုပြီး အတော်ခရီးပေါက်နေမှ ရွာဘက်မှာ အပြင်ထွက်ချင်၊ အလုပ်လုပ်ချင်သူတွေ ရှိသေးလား။ ခေါ်ပေးနိုင်မလား စကားစပ်မိပြီး ရွာနီးချုပ်စပ်က အလုပ်လိုချင်သူတွေကို ငါပဲဆက်စပ်ခေါ်ပေးရင်း ဒီလမ်းကြောင်းထဲ ရောက်လာတာပဲ။ ခုတော့ ရွာထဲက သွားချင်တဲ့လူရှိလာရင် ငါ့ငွေနဲ့၊ ငါ့အဆက်အသွယ်နဲ့ ပို့ပေးတယ်ဟယ်။ ပြီးမှ လုပ်ခထဲကနေ ပြန်ခုနှိမ်ယူတာပေါ့။ တစ်ယောက် ဆယ်ပုံးလောက်တော့ ငါ့အတွက် ကျန်အောင် လုပ်ရတာ ပေါ့ဟယ်”

“နင့်ဝန်ဆောင်ခက များလိုက်တာ”

သူငယ်ချင်းမက ချက်ချင်း ပက်ခနဲ ပြန်ချေပသည်။

“ဝန်ဆောင်ခချည်းတော့ ဒီလောက်ကျမလားဟဲ့။ ကြိုတင်စိုက်ထုတ်ပေးထားရတဲ့ ငွေပေါ်မှာ အတိုးတွက်ပြီး ယူတာ။ ငါ့တုန်းကလည်း ခံခဲ့ရတာ ပဲလေ။ ဒုက္ခသံသရာမှာ ချာလပတ်ရမ်းနေအောင် ခံခဲ့ရတာ ။ ခု... အဲဒီ ဒုက္ခရဲ့အသီးအပွင့်တွေအဖြစ် ငါပြန်ယူတာပဲ”

ဘိုးဘိုးကြီးတို့နှင့်သက်တူရွယ်တူ၊ ရှားရှားပါးပါး အသက်ကိုးဆယ် အဘွားအိုက နားစွန်နားဖျားဖြင့် စကားဝိုင်းထဲ ဝင်ပါလာပြန်ကာ...

“ညည်းပဲယူ၊ ညည်းပဲရတာ ပါအေ။ ကျုပ်တို့ရွာထဲမလဲကျားကျား၊ မမသန်သန်မာမာ ပျိုပျိုရွယ်ရွယ် ရယ်လို့လည်း တယ် မကျန်တော့ပါဘူး။ ကျုပ်တို့သေရင်တောင် ရွာထဲကျန်တဲ့ အိုကြီးအိုမ အချင်းချင်းပဲ တရွတ်ဆွဲချမှ မသာမြေကျရမယ့်ကိန်း ဆိုက်နေပါပြီ”

ရွာမှာလည်း လယ်သူရင်းငှား အလုပ်သမားက ရွှေထက်ရှားနေပြီရယ်ဟု လယ်လုပ်သူတိုင်း၏ နှုတ်ဖျားမှ ညည်းချင်းဆိုနေကြပြန်တာပင်။

“ထွန်ကိုင်အလုပ်သမားမို့ စောစောစီးစီးရရင် လုပ်မှာပျော်အောင်လို့ ရှိခိုးဦးတင်ထားရတော့တာ”

“ရှိခိုးရုံနဲ့ ထမင်းဂတာကျလို့ အရီးရယ်။ အရီးတို့ တစ်နွေလုံး၊ တစ်မိုးလုံးစာ သူတို့ကို ပေးနိုင်တဲ့ လုပ်အားခက ဟိုမှာ ... တစ်လတည်းနဲ့ ရနိုင်တာ”

“ဒါဆို ညည်းပို့ပေးလို့ ရောက်သွားကြတဲ့သူတွေ ဘယ်သူ အထုတ်အထည်နဲ့ ပြန်ပို့နိုင်သလဲ။ ရွှေတွဲလဲငွေတွဲလဲနဲ့ ရွာမှာအေးအေးလူလူ ထိုင်စားနိုင်တဲ့မိသားစု ဘယ်နှစ်စုရှိပြီလဲ။ ဟွန်း မစားရ ဂခမန်း”

“ဒါတော့ သူတို့ လိမ္မာသလောက် သူတို့ရတာ ပဲ အရီးရဲ့။ လိမ်လိမ်မာမာ၊ ခြိုးခြိုးခြံခြံနဲ့ ပြန်ပို့နေတဲ့ သူတွေလည်း အများကြီးပဲ ရှိပါတယ်နော်။ ဘာပဲပြောပြော ကိုယ့်နေရာထက်သာလို့သာ စွန့်စွန့်စားစား သွားနေကြတုန်း မဟုတ်လား”

မလေးရှားမှာ လှုပ်လှုပ်သဲသဲ သတင်းသန့်သန့်ကြားလျှင် တစ်ရွာလုံး တုန်လှုပ်နေကြ။ ထိုင်းမှာ စစ်တပ်က အာဏာသိမ်းသည်ဆိုလျှင်လည်း ရင်ပူနေကာ နေမထိကြတော့တာလည်း ရွာ၏ ထုံးစံ၊ အစဉ်အလာဖြစ်နေခဲ့ပြီ။ လက်ကိုင်ဖုန်းလေးတွေတတူတူကိုင်နေနိုင်ပြီမို့ ကမ္ဘာ့ရွာကို ခြံစည်းရိုးအစပ်ကနေ လှမ်းမျှော်ကြည့်တတ်လာခဲ့ကြပြီ ဆိုပါစို့။

“အငယ်မတွေလည်း ရန်ကုန်မှာမဟုတ်တော့ဘူးလေ။ သူတို့အထည်ချုပ်စက်ရုံးတွေက ဆန္ဒပြကြ တော့ စက်ရုံတွေလည်း ဖွင့်လိုက်၊ ပိတ်လိုက် ငါတို့လည်း စိတ်တွေပူနေရတာ နေ့စဉ်နှင့်အမျှပဲ။ အဲ့တုန်းက ရွာကို ခဏပြန်လာတယ်။ ခုတစ်ခေါက် ပြန်တက်တော့ ထိုင်းဘက်မှာ အထည်ချုပ်စက်ရုံတွေမှာ ဝင်လုပ်နေတဲ့သူတွေ အဆင်ပြေကြတယ်ဆိုတော့ မပြောမဆို ရွှေ့သွားလိုက်ကြတာ။ ဟိုရောက်မှအိမ်ကို လှမ်းအသိပေးတယ်”

“ကျွန်တော်က မမကြီးတောင် သူတို့နဲ့အတူ အပြင်ထွက် အလုပ်လုပ်နေတယ် ထင်တာ”

မေမေတို့ အစ်မအကြီးဆုံးကမွေးပြီး မောင်နှမတွေထဲမှာ အသက်အကြီးဆုံးမို့ အားလုံးက မမကြီးဟု ချစ်ခင်စွာခေါ်ကြရသော မမကြီးပင် အသက်သုံးဆယ်ကျော် သီသီစွန်းခဲ့ပြီထင့်။ ငယ်ငယ်က အလွန်အရုပ်အကြောက်ကြီးလှသော မမကြီးက သူ့ဒုတိယမြောက်သားငယ်ကို နို့လှန်တိုက်နေရင်း…

“လိုက်ချင်ပါဘူးဟယ်။ အဖေနဲ့အမေကိုလည်း စိတ်မချပါဘူး။ ခုတော့ ဒီသံယောဇဉ်တွေနဲ့ ရွာကနေ ဘယ်မှ မခွဲနိုင်တော့ဘူး”

ပြောကာ သားငယ်ကိုချစ်စနိုးငုံ့နမ်းနေပြန်တော့သည်။ မမကြီး၏ ယောကျ်ားကတော့ ဘိုးဘိုးကြီး၏ စျာပနပွဲတစ်လျောက်လုံး ခြေသည်လက်သည် အဖြစ်ပါလေရာပေ။ မမ၏ မိဘများက သမက်ကို သမီးနှင့် မတူမတန်ဟု မျက်မာန်မပြေဘဲ ပစ်ထားခဲ့ဖူးတာ သိနေတာမို့…

“မြေးတွေတောင်တစ်ယောက်ကနှစ်ယောက်ဖြစ်လာပြီ။ နင့်အဖေတွေ၊ အမေတွေက ယောက်ဖကို မကြည်လင်ကြသေးဘူးလား”

မမကြီးက မဲ့ရွဲ့ကာ…

“အရင်လို အိမ်ရိပ်မနင်းရ ဆိုတာမျိုးတွေတော့ မဟုတ်တော့ဘူးလေ။

အကြောင်းရှိရင် ခုလို… သွားသွားလာလာလုပ်လို့ ရနေပြီ။ ပြောစရာရှိရင် နာမည်တိုက်ရိုက်မခေါ်ဘဲ စကားလုံးရိုက်ပြီး မျက်နှာလွှဲ ဖယ်ဖယ်နဲ့တော့ စကားပြောနေပြီ။ လိုအပ်ရင်လည်း ငါ့သားကြီးက စကားပြန်ပေါ့ … ဟားဟား”

“နင့်ယောက်ျားက ခုထိ လက်ကြောမတင်း၊ ထီးထမ်းလမ်းလျှောက် နေနေတုန်းလား”

မမကြီးတစ်ယောက် ရှုံ့မဲ့သွားလေသည်။

“သူ့မိဘလက်ထက်ကတည်းက ဒီလိုပဲနေလာတာ။ ငါလည်းပြောရလွန်းတော့ မပြောချင်တော့ဘူး ဟာ။ ထားလိုက်တော့တယ်။ လူကြီးယောင်ယောင်နဲ့ရပ်ရွာကိစ္စလည်း သူ့အရေးကိစ္စလိုဖြစ်ပြီးနေရာတကာ ဝင်ပါနေတတ်တော့ အားရ၊ နားရတယ်လည်း မရှိပါဘူး။ လယ်အလုပ်လည်း သူက ဖိဖိစီးစီးရှိလှတာ မဟုတ်ဘူးလေ။ အဲတော့ အလုပ်သမားသာ အလုံအလောက်ရအောင်ရှာပေး။ အလုပ်ပြီးအောင် ငါခိုင်းမယ်ပြောရတယ်။ အမေတို့ကလည်း အဲဒါကို မကြိုက်နိုင်တာဘဲ”

မမကြီးက ပင့်သက်ယောင်ယောင်မှုချကာ…

“သူများတွေ ပြည်ပထွက် အလုပ်လုပ်နေကြတော့ အမေတို့ကလည်း သူ့ကို လွှတ်ချင်နေတယ်။ ငါကတော့ သဘောမကျဘူးဟယ်။ သူကလည်း မိသားစုကိုထားပြီး မထွက်ချင်ဘူးတဲ့”

“နင့်ယောက်ျားက သူမှ အရိုးနာနာ ခါးချိုးပြီး အလုပ်မလုပ်ချင်တာကိုး”

လွှတ်ခနဲ စကားထောက်လိုက်မိပြီးမှ အားနာရကောင်းမှန်း သတိရကာ နောင်တရသွားပါသည်။ ဒါပေမယ့် မမကြီးက ကျွန်တော့်စကားကို ချက်ချင်းတုံ့ပြန်လာသည်။

“အေး အဲလို လက်ကြောမတင်းတဲ့ ယောက်ျားနဲ့ ရလို့သာ

ငါ့သားသမီးတွေ ခုချိန်ထိ မိစုံဖစုံနေနိုင် သေးတာလည်း ထည့်ပြောဦးလေ”

ယောက်ျားအပေါ် ချစ်တတ်သလောက် လိုရာဆွဲတွေးကာ ရှာကြံကျေးဇူးတင်တတ်သောမမကြီးက ဆက်ပြောလာပြန်တာ…

“နင့်တူက ဘာပြောလဲ သိလား။ ဖေဖေမသွားချင်ရင်နေ … သားကြီးလာမှသွားမယ်။ ဟိုမှာ အလုပ်လုပ်ပြီး ပိုက်ဆံတွေအများကြီးရရင် မေမေ့ဆီ ပြန်ပို့ပေးမယ်တဲ့။ ရတ်တရက်တော့ ငါကျေနပ်ပီတိ ဖြစ်နေသေးတာ..။ နောက်မှ တဖြည်းဖြည်းတွေးပြီး ငါ့မှာ တစ်ညလုံး အိပ်မပျော်ဘူး။ ဖွ… လွဲပါစေ၊ ဖယ်ပါစေ၊ ငါ့သားလေးတွေ အရွယ်ရောက်လာတဲ့အထိ ငါတို့ရွာမှ ဒီအစဉ်အလာကြီး ရှိမနေပါစေနဲ့တော့ ဆုတောင်းရင်း ငါ့မှာ မျက်ရည်တောင်ကျတယ်”

… တဲ့။ မမကြီးရဲ့ဆုတောင်းဟာ တစ်ရွာလုံးဆုတောင်းလည်း ဖြစ်နေမှာ ထင်ပါရဲ့။

**ရတီ မဂ္ဂဇင်း**

**ဒီဇင်ဘာလ၊ ၂၀၁၄**

*